

နာဇီစစ်တရားခံတို့၏

# နောက်ဆုံးနေ့ရက်များ

မောင်ကြော့ဝေ

# နာဇီစစ်တရားခံတို့ ၏ နောက်ဆုံးနေ့ရက်များ

***



စပိန်ဒေါအကျဉ်းထောင်၊၁၉၅၁ ခုနှစ်



နာဇီအာဏာရှင် ဟစ်တလာ (ဘာလင်
မြေအောက်ခန်းတစ်ခုတွင် ကိုယ်ကိုကိုယ် သတ်သေ)




ကွန်စတန်တင်ဗွန်နူးယက်(၁၅ နှစ် ကျ ၊၁၉၅၄ ခုနှစ် တွင် လွတ်)




အဲရစ်ဂိုဒါ (တစ်သက်တစ်ကျွန်းကျ ၊၁၉၅၅ ခုနှစ် တွင် လွတ်)



ကားဒိုးနစ်ဇ် (၁၁ နှစ် ပြစ်ဒဏ်ကျ ၊၁၉၅၆ ခုနှစ် လွတ်)



ဝေါ်သာဖန့်စ် (တစ်သက်တစ်ကျွန်းကျ ၊၁၉၅၇ ခုနှစ် တွင် လွတ်)



အဲလ်ဘတ် စပီးယား (တစ်သက်တကျွန်းကျခံရသူ၊၁၉၆၆
တွင် လွတ်)



ပိုဒါဗွန်ရှီးယက် (ထောင်အနှစ် ၂၀ ကျ၊ ၁၉၆၆ ခုနှစ် တွင် လွတ်)



စပန်းဒေါအကျဉ်းထောင်ထဲမှ အာဏာရှင် ရူဒော့ဟက်စ်၏
နောက်ဆုံးနေ့ရက်များ (၁၉၈၅)



## အာဏာရှင် ရူဒေ့ါဟက်စ် (တစ်သက်တစ်ကျွန်းကျ၊ ကိုယ့်ကိုကိုယ် သတ်သေ)

***

## နာဇီပါတီစကြာနက်၏ သားကောင် (သို့ မဟုတ်) ရူးဒေ့ါဖ်ဟက်စ်

''ဒါဟာ စိတ်မနှံ့တဲ့ လူတစ်ယောက်ရဲ့ အဓိပ္ပါယ်မဲ့လုပ်ရပ်ပဲ''

ဟစ်တလာ၏ ဒေါသသည် နှုတ်မှ ပေါက်ကွဲထွက်လာခဲ့သလို၊ လက်သီးကို လည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏ ။ ဘယ်လို ဖြစ်ရတာ လဲ၊ သတ္တိကြောင်သွားပြီ လား။ ရူးသွပ်သွားခဲ့ပြီလား။

'ငါသူနဲ့ လက်တွဲ ခဲ့တဲ့ အချိန်ကာလတွေ မှာ သူ့လောက်တော် တဲ့ သူ

ဟာ သူပဲရှိတယ်။ သူဘာ ဖြစ်သွားရတာ လဲ'။

နာဇီဂျာမဏီအာဏာရှင် ရူးဒေါ့ဖ်သည် သူ၏ လက်ရုံးတစ်ဆူ ဖြစ်သလို၊ ဒုတိယခေါင်းဆောင်အ ဖြစ်လည်း နေရာပေးထားခဲ့သူ။ တရားရေး ဌာနတွင် အမြင့်ဆုံး အဖွဲ့ ဖြစ်သော ပရီဗီကောင်စီအဖွဲ့ဝင်၊ နိုင်ငံတော် ကာကွယ်ရေး ဝန်ကြီးများ ကောင်စီ အဖွဲ့ဝင် ဖြစ်ဦးလည်း ဖြစ်သူ။

နာဇီပါတီအာဏာရှင် အဒေါ့ဟစ်တလာသည် ဟက်စ်၏ အကြောင်းကို ကြားလျှင်ကြားချင်း မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည် ။ ဟက်စ်သည် သူ အားထားယုံကြည်ခဲ့ရသူ မဟုတ်ပါလော။ ယခုလို နာဇီဂျာမဏီအာဏာရှင် ဟစ်တလာ မ ဖြစ်ခင်ကတည်းက ဟက်စ်နှင့် နှစ် ကိုယ့်တစ်စိတ်။

၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာသော အခါ ဟက်(စ်)နှင့် ဟစ်တလာ သည် တပ်ဖွဲ့တစ်ဖွဲ့တည်းတွင် အတူတကွ အမှုထမ်းခဲ့ကြသူတွေ ။ နောက်ပြီး ဟက်စ်က နာဇီပါတီ၏ အခြားထိပ်တန်းခေါင်းဆောင်တစ်ဦး ဖြစ်လာမည့် ဂိုအာရင်းနှင့်လည်း ဗုံးကြဲလေယာဉ်များ ကို အတူမောင်းနှင် တိုက်ခိုက်ခဲ့ကြသူတွေ ။ ပထမကမ္ဘာစစ်ကြီးပြီးဆုံး ခဲ့သည့်နောက် စစ်တပ်မှ ထွက်လာကာ၊ အလုပ်လက်မဲ့ ဖြစ်နေသော ဂိုအာရင်းနှင့် ဟက်စ်တို့ နှစ် ယောက်ကို ၁၉၂၀ ပြည့်နှစ် တွင် ဂျာမန်အမျိုးသား ဆိုရှယ်လစ်ပါတီ (နာဇီပါတီ)သို့ ဝင်ရောက်စေခဲ့သည် ။ လက်ခံခဲ့သည် ။ ၁၉၂၃ ခုနှစ် နာဇီတို့ ၏ ပထမဆုံး 'အာဏာသိမ်းပွဲ' ပုန်ကန်ထကြွမှု၌ ပါဝင်လှုပ်ရှားခဲ့ကြသည် ။

သို့ ရာတွင် ထိုပုန်ကန်ထကြွမှုမှာ မအောင်မြင်ခဲ့ဘဲ အရေးနိမ့်ခဲ့ရသဖြင့် ဟက်စ်တစ်ယောက် 'ဖို့ တ်လင်းဘတ်'အကျဉ်းထောင်ထဲသို့ ဟစ်တလာနှင့် အတူတကွ စံမြန်းခဲ့ရလေစဉ်က ဟက်စ်သည် ဟစ်

တလာ၏ အတွင်းဝန် ဖြစ်သလို ကိုယ်ရံတော် လည်း ဖြစ်ခဲ့ရပေသည်။ ဟစ်တလာနှင့်အတူ ထောင်ထဲမှာ နေခဲ့စဉ်က ''ကျွန်ုပ်၏ ကြိုးပမ်းမှု'' ( Mein Kampf) စာအုပ်တစ်အုပ်ကို ကူညီပံ့ပိုး အကြံပေးခဲ့ဖူးသည်။ ထိုစာအုပ်ကို ရေး သားရာ၌ ဟစ်တလာက ပါးစပ်မှ ပြော၍ သူနှင့်အတူ ထောင်ကျနေသော နာဇီပါတီ ဝင်တစ်ဦး ဖြစ်သူ ''အီမစ်မောရစ်''က လိုက်ရေး ပေးခဲ့ရလေသည်။ ဟစ်တလာသည် ၁၉၂၃ ခုနှစ်၊ နိုဝင်ဘာလတွင ထောင်ကျခဲ့ရာ ထောင်မှ လွတ်လာသော အခါ နာဇီပါတီဝင်များ ၏ သမ္မာကျမ်းစာသစ်ဟု ဆိုရမည့် ''ကျွန်ုပ်၏ ကြိုးပမ်းမှု''စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၂၅ ခုနှစ် နွေရာသီ၌ ထုတ်ဝေခဲ့ရာ တစ်နှစ် အတွင်း အုပ်ရေ ၉၄၇၃ အုပ် ရောင်းခဲ့ရသဖြင့် ၁၉၂၆ ခုနှစ် နှင့် ၁၉၂၈ခုနှစ် တို့တွင် ထပ်မံ၍ နှစ် ကြိမ်မျှ ထုတ်ဝေခဲ့ရပြန်သည်။ ၉၉၂၈ အုပ် ရောင်းချခဲ့ရပြန်သဖြင့် အရောင်းရတွင် ကျယ်ခဲ့သော ကြောင့် ဒုတိယတွဲ ကို ဆက်လက်ထုတ်ဝေခဲ့သည်။

၁၉၃၀-၃၁ ခုနှစ် များ တွင် အုပ်ရေပေါင်း ငါးသော င်းမျှ ရောင်းချခဲ့ရသလို ဟစ်တလာ၏ နာဇီပါတီအာဏာရ လာပြီးနောက် ၁၉၄၀ ခုနှစ် တွင် မူ အုပ်ရေသိန်း ၆၀ အထိ ရောင်းချခဲ့ရလောက်အောင် ဟစ်တလာကို အကျိုးပေးခဲ့လေသည်။ ဟစ်တလာကို အာဏာရှင် ဖြစ်လာစေသော လမ်းညွှန်စာအုပ်ကြီးလည်း ဖြစ်စေခဲ့သည် ဆိုက မမှား းတန်ရာပေ။

ဟစ်တလာ၏ ထောင်တွင် းရေး သားခဲ့သော ''ကျွန်ုပ်၏ ကြိုးပမ်းမှု'' စာအုပ် သည် ဟစ်တလာ၏ ရင်တွင် းကြုံးဝါးသံဟု ဆိုရပေမည်။ ထိုစာအုပ်မှာ သူ ဖြစ်စေချင်ခဲ့ သော ဂျာမနီပြည်နှင့် ပြည်သူတို့ အတွက် ကျမ်းစာအုပ်ကြီးသဖွယ် ဖြစ်လာခဲ့သည်။ ၁၉၃၅ ခုနှစ်၊ မေလ ၂၀ ရက်က ဟစ်တလာ၏ မိန့်ခွန်းတွင် ဂျာမနီသည် ဩစတြီးယားကို အမိဂျာမနီပြည်မှ ပြန်လည်ပိုင်ဆိုင်ခွင့်ရှိသည်။ ဤအရေး ကိစ္စတွင် ဘေးအန္တရာယ်

များ လှ သည် ဆိုဦးတော့ မ ဖြစ်မနေပြန်ရအောင်လုပ်ရမည် ဟု အတွင်းကျိတ် ကြုံးဝါးရေး သား ခဲ့သည် ။ ၁၉၃၆ ခုနှစ် ၊ မတ်လတွင် လည်း ဟစ်တလာသည် ဥရောပတိုက်၌ ငါတို့ နယ်ချဲ့စရာမလိုတော့ပြီဟု ကြေညာသည် ။

သို့ ရာတွင် ဩစတြီးယားနှင့် ချက်ကိုစလိုဗက်ကီးယားတို့ ကို သိမ်းပိုက် ယူခဲ့ခြင်းဖြင့် ဟစ်တလာသည် အသံနှင့် ကြုံးဝါးကြွေးကြော်တိုင်း မလုပ်ဘဲ၊ စာအုပ်ထဲမှ အတွင်း းကျိတ် ကြုံးဝါးရေး သားခဲ့သမျှအတိုင်း လုပ်တတ်သည် ။ ထို့အတူပင် ၁၉၃၈ ခုနှစ် ၊ စက်တင်ဘာလ ၂၈ ရက်က ''ဆူဒေတန်''ကို သိမ်းယူခဲ့ပြီးနောက်မှာ ငါတို့လိုဘ ပြည့်ပြီဟု ဆိုပြန်သည် ။ သို့ သော် ဟစ်တလာသည် ကြွေးကြော်တိုင်း မှန်ကန်သူမဟုတ်။ လိမ်လည်ညာဝါးသော စကားများ သာ ဖြစ်လာတတ်ကြောင်း သူ့အတွင်းစိတ်ရင်းကို ထုတ်ဖော်ခဲ့သည့် ''ကျွန်ုပ်၏ ကြိုးပမ်းမှု''စာအုပ်ထဲမှ ကြုံးဝါးသံများ ကသာလျှင် သူဆက် လက်လျှောက်လှမ်းမည့် လမ်းညွှန်မြေပုံသာ ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ရိပ်စား လာမိရပေတော့၏ ။

ဥရောပတိုက်တွင် အီတလီနှင့် ဂျာမနီသည် မဟာမိတ်အ ဖြစ် လက်တွဲ လျက် ၁၉၁၉ ခုနှစ် ၊ ဗာဆေးစာချုပ်ကို အပိုင်းပိုင်း၊အတစ်တစ် ဆုတ်ဖြကာ၊ ၁၉၃၉ခု၊ မေလ ၁၂ရက်နေ့က ဒိန်းမတ်ပြည်နှင့် လည်းကောင်း၊ ၁၉၃၉ ခု၊ ဇွန်လ ၇ ရက်က လတ်တဗီးယား၊ အက်စတိုးနီးယားပြည်တို့ နှင့် လည်းကောင်း၊ ၁၉၃၉ ခု ဩဂုတ်လ ၂၃ ရက်နေ့က ရုရှားပြည်နှင့် လည်းကောင်း၊ အသီးသီး တစ်ပြည်နှင့်တစ်ပြည် ရန်မမူရေး စာချုပ်များ ချုပ်ဆိုခဲ့သော် လည်း ပိုလန်ပြည်ကို ၁၉၃၉ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်တွင် ၁၈ ရက်နှင့်အပြီး သိမ်းပိုက်ခဲ့ခြင်း၊ ဒိန်းမတ်ပြည်ကို ၁၉၄၀ ခုနှစ် ၊ ဧပြီလ ၉ ရက်တွင် ၁ ရက်တည်းဖြင့် အပြီးတိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းတို့ က ဟစ်တလာ၏ ဥရောပတိုက်တစ်ဝှမ်းလုံးကို ၁

၀ နှစ် အတွင်း သိမ်းပိုက်စိုးမိုးအုပ်ချုပ်ရန်အတွက် ရေး ဆွဲထားသော စီစဉ်လျာထားချက်မှာ မုချကေန် အမှန်ပင် ဖြစ်နေလေတော့၏။

ဟစ်တလာ၏ ဥရောပတိုက်သိမ်းပိုက်ရေး အရ ဒိန်းမတ်၊ နော်ဝေး၊ နယ်သာလန်၊ ဗယ်လ်ဂျီယံနှင့် လူဇင်ဘတ်နိုင်ငံများ ကို သိမ်းပိုက်ပြီး ပြင်သစ်နိုင်ငံကြီးအား ၄၅ ရက်အတွင်း ချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည် ။ ယခုလည်း ၁၉၃၉ ခုနှစ် က နာဇီဂျာမနီနှင့် ဆိုဗီယက်ရုရှား မကျူးကျော်ရေး စာချုပ်ကို ဖောက်ဖျက်၍ ရုရှားကို ဝင်ရောက် ကျူးကျော်တိုက်ခိုက်ရန် အစီအစဉ်ချ ကြိုးပမ်းနေခိုက် သူ၏ လူယုံတော် ကြီး ရူးဒေ့ါဖ်ဟက်စ်မှ ထွက်ပြေးပြီး ရန်သူဗြိတိသျှတို့ ထံ ဒူးထောက်အညံ့ခံရန် သွားခဲ့သည်ဆိုတော့ ဟစ်တလာ၏ ဒေါသယမ်းပုံကြီး ပေါက်ကွဲခဲ့ရလေသည် မှာ မဆန်း။

ဆိုဗီယက်ယူနီယံ(ရုရှား)နိုင်ငံကို သစ္စာဖောက်ကာ ဂျာမာန်တပ်များ ဝင်ရောက် တိုက်ခိုက်ခဲ့သည့် ၁၉၄၁ ခုနှစ် ၊ ဇွန်လ ၂၂ ရက်နေ့မတိုင်မီ၊ ၁၉၄၁ ခုနှစ် ၊ မေလ ၁၀ ရက်နေ့ညနေ ၅း၄၅ နာရီတိတိအချိန်တွင် ဂျာမနီနာဇီအစိုးရနှင့် နာဇီပါတီ၏ ထိပ်သီးခေါင်းဆောင် ရုဒေ့ါဖ်ဟက်စ်က တိုက်လေယာဉ်တစ်စင်းကို ကိုယ်တိုင်မောင်းနှင် ကာ ဂျာမနီနိုင်ငံမှ အင်္ဂလန်၊ စကော့တလန်နိုင်ငံသို့ ထွက်ပြေးသွားခဲ့သည် ဟူသော သတင်းကြောင့် ဟစ်တလာနည်းတူ ကြားလိုက်ရသူတိုင်းအား တုန်လှုပ်ခြောက်ခြား အံ့အားသင့် စေခဲ့သည် ။

နာဇီပါတီ၏ အာဏာရှင်ဟစ်တလာ၏ ဒုတိယခေါင်းဆောင်ကြီး ရုဒေ့ါဖ်ဟက်စ် သည် မည် သည့်အတွက်ကြောင့် ဂျာမနီမှ ထွက်ပြေးခဲ့ရသနည်း။ မယုံကြည်နိုင်လောက် အောင် ဖြစ်ခဲ့ရသူထဲတွင် အာဏာရှင်ဟစ်တလာက ထိပ်ဆုံးမှ ဖြစ်သည် ။ ထိုသတင်းကို ကြားလိုက်ရသော ဟစ်

တလာသည် သူ နေထိုင်ရာ ''ဘားဂေါ့ဖ်စံအိမ်တော် ကြီး''ကို ဧရာမဗုံး တစ်လုံး တိုက်ရိုက်ထိမှန် လိုက်သလို ခံစားခဲ့ရလေ၏ ။

ဟက်စ်၏ နောက်ဆက်တွဲ သတင်းများ အရ သူသည် ဂျာမနီနှင့် ဗြိတိန်တို့ စစ်ရပ်စဲရေး အတွက် စေ့စပ်ဆွေးနွေးရန် သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နောက်ဆုံး၌ ဂျာမန်တို့ လုံးဝရှုံးနိမ့်ရမည် ဖြစ်ကြောင်း၊ သို့သော် မိမိ၏ ယူဆချက်ကို ခေါင်းဆောင် ကြီးဟစ်တလာက လုံးဝလက်ခံမည် မဟုတ်၍ သူကိုယ်တိုင် ဗြိတိသျှခေါင်းဆောင်များ နှင့် ရှေးဦးစွာ သဘောတူညီမှုရအောင်ဆွေးနွေးရန် ဟစ်တလာမသိစေဘဲ လျှို့ဝှက်စွာ ထွက်ပြေးလာခဲ့ရခြင်း ဖြစ်ကြောင်း စသည် စသည် ဖြင့် သတင်းများ ပေါ်ထွက်လာခဲ့သည် ။ ထိုသတင်းနှင့်ပတ်သတ်၍ အစစ်အမှန် ဖြစ်ကြောင်းကို နာဇီပါတီဝင် တစ်ဦးသာ လျှင် သိရှိခဲ့ရသည် ။ ထိုသူကား ''မာတင်ဘောမင်း''ဆိုသူ ဖြစ်လေသည် ။ အဘယ် ကြောင့်ဆိုရသော် မာတင်ဘောမင်းသည် ရုဒေါ့ဖ်ဟက်စ်၏ သစ္စာတော် ခံ လူယုံတစ်ဦး ဖြစ် သော ကြောင့်ပင်တည်း။

ရုဒေါ့ဖ်ဟက်စ်သည် နာဇီအာဏာရရှိလာသော အခါ ဟစ်တလာ၏ ရဲဘော် ရဲဘက်တစ်ဦးပီပီ ဒုတိယခေါင်းဆောင်နေရာသို့ ရယူနိုင်ခဲ့သည် ။ ထိုအခါ သူ့အတွက် သစ္စာတော် ခံလက်ထောက်တစ်ဦး လိုအပ်လာခဲ့သည် ။ သူမျက်စိကျခဲ့သူက မာတင်ဘော မင်း။ မာတင်ဘောမင်းသည် အစစအရာရာ နာဇီပါတီအတွက်သော် လည်းကောင်း၊ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စအတွက်သော် လည်းကောင်း၊ ယုံကြည်ကိုးစားတိုင်ပင်ဆွေးနွေး၍ ရသူအ ဖြစ် သူယုံကြည်ခဲ့သည် ။ ထို့ကြောင့် ဟက်စ်သည် သူကြံစည်ထား သော လျှို့ဝှက်ချက်တို့ ကို ညှိနှိုင်းခဲ့၏ ။

ထိုအချိန်ကာလကို လေ့လာကြည့်လျှင် နာဇီအာဏာရှင်များ နှင့် ဂျာ

မန်အရင်း ရှင်ကြီးများ သည် အင်္ဂလန်ပြည်ကို ပြင်းထန်စွာ စစ်ဆင်နေရင်းက အခြားတစ်ဘက်မှ လည်း ယာယီစစ်ပြေငြိမ်းမှုကို ရယူနိုင်ရန် လိုလားသော ကာလ ဖြစ်ပေသည် ။ မည် သည့် အတွက် အင်္ဂလိပ်တို့ နှင့် စစ်ပြေငြိမ်းလိုသနည်း။ အရင်းရှင်စနစ်၏ ပဋိပက္ခကြောင့် ပေါက်ဖွားခဲ့သော စစ်ကို အင်္ဂလိပ်တို့ နှင့် ဆင်နွှဲနေရစေကာမူ၊ အင်္ဂလိပ်တို့ သည် စနစ် အားဖြင့် အရင်းရှင်စနစ်ပင် ဖြစ်သည် ။ မိမိတို့ အနေဖြင့် အခြေခံအားဖြင့် တူညီကြပေ သည် ။ သို့ သော ် တစ်ဘက်တွင် ရင်ဆိုင်နေရသော ကွန်မြူနစ်ဝါဒသည် သူတို့ အဖို့ ပိုမိုကြီးမားလှသော အန္တရာယ်ကြီး ဖြစ်သည် ။ ထို့ကြောင့် အရင်းရှင်ကြီးများ ၏ သဘောထားများ မှာ အင်္ဂလိပ်ကို မိမိတို့ ခေါင်းဆောင်မှုအောက်မှ ကျိုးနွံသော နောက်လိုက် အ ဖြစ် အသုံးချကာ ဆိုဗီယက်ကို တိုက်ခိုက်ရန် ဖြစ်သည် ။ စစ်မျက်နှာကို တစ်ဘက်တည်း ထားရန် ဖြစ်သည် ။ နောက်ဆုံးကျမှသာ အင်္ဂလိပ်ကို ချေမှုန်းရင်း ကမ္ဘာကို လွှမ်းမိုးနိုင်ရန် ဖြစ်သည် ။ အမှန်စင်စစ် အရင်းရှင်စနစ်အဖို့ ကွန်မြူနစ်ဝါဒကို အမြစ်ဖြတ်ချေမှုန်းရန်သာ ဖြစ်လေ၏ ။

ဤအကြောင်းကြောင့်ပင် ဂျာမန်နှင့်အင်္ဂလိပ်အရင်းရှင်ကြီးများ သည် ဖုံးကွယ်မှု တို့ ၏ နောက်ကွယ်မှ လျှို့ဝှက်ဆွေးနွေးခဲ့ကြသည် မှာ မနည်းလှပေ။ အပေးအယူနှင့် အဖြေကို ပုံစံအမျိုးမျိုးဖြင့် ရှာဖွေခဲ့ကြဖူးသည် ။ ထိုသို့ သော သဘောထားနှင့် နိုင်ငံရေး ဥတုရာသီတို့ သည် ဟက်စ်အား အရောင်ဟပ်ခဲ့သည် ။ ထို့နောက် အင်္ဂလိပ်နှင့် ယာယီ စစ်ပြေငြိမ်းစေမှုကို ရယူပေးရန် စိတ်ဝင်စားခဲ့သည် ။ ဂျာမနီပြည်၏ ထူးချွန်သောသူရဲကောင်းကြီးအနေဖြင့် ပြည်သူနှင့် နာဇီပါတီတစ်ရပ်လုံးကို စွမ်းရည်နှင့် သတ္တိကို လက်တွေ့ အထင်ကရပြလိုက်ရန် ဆန္ဒပြင်းပြနေခဲ့သည် ။

သို့ ဖြင့် ဟက်စ်သည် သူ၏ ပြင်းပြလှသော အာသာဆန္ဒကို လူယုံ

တော် ကြီး မာတင်ဘောမင်းနှင့် လှို့ဝှက်တိုင်ပင်ခဲ့ကာ အစီအစဉ် ချခဲ့သည် ။ သူ၏ စွန့်စားမှုအတွက် မာတင်ဘောမင်းက အောင်မြင်နိုင်စရာ မရှိ။ အရှုံးဖြင့်သာ ရင်ဆိုင်အဆုံးသပ်သွား ဖွယ်ရှိသည် ကို သိနားလည်ထားသည် ။ ဟက်စ်အတွက် မရှုမလှပျက်စီးရတော့မည့်အရေး ကောင်းကောင်း ကြီး တွေ းမိခဲ့သည် ။ သို့ သော် ပိတ်ပင်မတားဆီးခဲ့ရုံမက၊ ဟက်စ်၏ ဆန္ဒမီးပွား စွန့်စားမှုများ ကိုပင် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် မီးလောင်ရာ လေပင့်၊ အားပေးတိုက်တွန်းမှုများ ကိုပါ ပြုလုပ်ခဲ့ပေ၏ ။ ထို့ကြောင့်လည်း ဟက်စ်၏ စွန့်စားမှုသည် ပိုမိုမြင့်မား ခိုင်မာလာစေပြီး အချိန်ကာလကိုပင် ရွေးချယ်သတ်မှတ်နိုင်ခဲ့ ရတော့၏ ။

***

## ဝင်စတန် ချာချီမှ ဒေါ်ဖ်ဟက်စ်ကို ဆင်ခြင်သုံးသပ်ခြင်း

**မေလ ၁၁ ရက်၊ တနင်္ဂနွေနေ့။**

ကျွန်ုပ်သည် ဒစ်ချလေ၌ ရှိနေရာ ယမန်နေ့ညက လန်ဒန်မြို့အား ရန်သူများ က ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်သော သတင်းများ သည် ညနေပိုင်းတွင် ကျွန်ုပ်ထံသို့ ဆိုက်ရောက်လာလျက် ရှိနေတော့လေ၏ ။ ကျွန်ုပ်သည် လတ်တလောအားဖြင့် မည် သို့ မျှ လုပ်ပေးနိုင်ခြင်းလည်း မရှိသဖြင့် ရုပ်ရှင်ကြည့်နေရင်းမှ နှစ် ကြိမ်တိုင်ပင် အပျက်အစီးများ အကြောင်းကို စုံစမ်းမေးမြန်းကြည့်ရန် ရုပ်ရှင်ရုံ၏ ပြင်ဘက်သို့ ထွက်ခဲ့ပေ၏ ။ ကြားရ သလောက် အတော် ဆိုးဝါးစွာ ပျက်စီးသည် ဟု သိရသည် ။

ရုပ်ရှင်ကြည့်နေဆဲ၌ ပင် အတွင် းဝန်တစ်ဦးက ဟာမီလ်တန် မြို့စားကြီး၏ ကိုယ်စား လူတစ်စုံတစ်ဦးက တယ်လီဖုန်းဖြင့် ကျွန်ုပ်အားစကားပြောဆိုလိုလျက် ရှိကြောင်း လာပြောသည် ။ ဟာမီလ်တန်မြို့စားမှာ ကျွန်ုပ်၏ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်၍ စကော့တလန်ပြည် အရှေ့ဘက်ပိုင်းတွင် တိုက်လေယာဉ်ပျံတပ်စိတ်တစ်စုကို ကြီးကြပ် ကွပ်ကဲနေသူလည်း ဖြစ်သည် ။ သို့ သော် လည်း သူပြောလိုသော ကိစ္စမှာ နောက်တစ်နေ့ နံနက်ထိအောင် မစောင့်နိုင်သော ကိစ္စမျိုး မဟုတ်ဟု ကား၊ ကျွန်ုပ်ထင်မှတ်မိခဲ့သည် ။ သို့ သော် လည်း တယ်လီဖုန်းလှမ်းဆက်သူက ပြောလိုသော ကိစ္စမှာ ကက်ဘိနက်နှင့် သက်ဆိုင်လောက်အောင် အရေး ကြီးသော ကိစ္စ ဖြစ်ပါသည် ဟု ပြောနေလေသည် ။ သို့ ဖြင့် ကျွန်ုပ်သည် မစ္စတာဘရက်ကင်အား သူဘာပြောလိုသည် ကို နားထောင်လိုက်ရန် ပြောလိုက်ရသည် ။ မိနစ်အနည်းငယ်ကြာသော အခါ၌ ၊ မစ္စတာဘရက်ကင်က ဟာမီလ် တန် မြို့စားကြီးသည် ထူးဆန်းအံ့ဩဘွယ်ကောင်းသော

သတင်းတစ်ရပ်ကို ပို့ပေးရန် ရှိနေကြောင်း လာပြောပြန်လေ၏။

သို့ ဖြင့်ပင် ကျွန်ုပ်သည် ဟာမီလ်တန်မြို့စားကြီးအား အခေါ်ခိုင်းလိုက် ရပေ တော့သည် ။ ဟာမီလ်တန် ဆိုက်ရောက်လာသော အခါ၌ ဟာမီလ်တန်က သူကိုယ်တိုင် စစ်ကြောမေးမြန်းခဲ့သော ဂျာမန်စစ်သုံ့ပန်းတစ်ဦးက သူသည် ရူးဒေါ့ဖ်ဟက်စ် ဖြစ်ကြောင်း ပြောပါသည် ဟု ပြောလေ၏။ ကျွန်ုပ်က ''အိုး- ရူးဒေါ့ဖ်ဟက်စ်'' စကော့တလန်မှာ စိတ်လှည့်စားမှုတစ်ရပ်သာ ဖြစ်ရမည် ဟု ကျွန်ုပ်ထင်မိလိုက်သည် ။ သို့ သော်လည်း ဤ သတင်းပို့ချက်မှာ မှန်ကန်သော သတင်းပို့ချက်ပင် ဖြစ်လေတော့သည် ။

မိမိ၏ လေယာဉ်ပျံကို မိမိကိုယ်တိုင်မောင်းကာ၊ လပ်တဝပ်လေတပ်မှ လေသူရဲ တစ်ဦးပမာ ဝတ်ဆင်ထားသော ဟက်စ်သည် အောစဘတ်မှ ပျံသန်းလာ လေထီးနှင့် ခုန်ဆင်းချခဲ့လေ၏ ။ လက်ဦးတွင် သူသည် သူ့နာမည် ကို ''ဟွန်း''ဟု ပြောထားခဲ့ရာ၊ လေထီးနှင့် ခုန်ချရာမှ ရခဲ့သော အသေးအဖွဲ့ဒဏ်ရာကလေးများ ကို ကုသပေးရန်အတွက် ဂလပ်စဂိုအနီးရှိ စစ်ဆေးရုံသို့ ယူဆောင်အလာ ထပ်မံ စစ်မေးသော အခါကျမှ သာ ရူးဒေါ့ဟက်စ် ဖြစ်နေသည် ကို သိရတော့ခြင်း ဖြစ်လေ၏။

ကျွန်ုပ်သည် ဟက်စ်၏ ထွက်ပြေးလွတ်မြောက်လာမှုနှင့် ပတ်သက်၍ မည် သို့ မျှ ထူးထူးခြားခြား အရေး ထားခဲ့ခြင်း မရှိချေ။ ဤကိစ္စသည ဖြစ်ပျက်ပေါ်ပေါက် နေသော အရေး အခင်းများ ကို မည် သို့ မျှ အကျိုးသက်ရောက်နိုင်ခြင်း မရှိသည် ကို ကျွန်ုပ် သိနေပေသည် ။ ဗြိတိန်ပြည်၊ အမေရိကန်ပြည်၊ ရုရှားပြည်နှင့် အထူးသဖြင့် ဂျာမနီပြည်တို့ ၌ ဤကိစ္စနှင့်ပတ်သက်၍ လွန်စွာ စိတ်လှုပ်ရှားမှုများ ဖြစ်ခဲ့ကြကာ စာအုပ် များကိုလည်း ရေး သားထုတ်ဝေခဲ့ကြသည် ။ ဤနေရာတွင် ကျွန်ုပ်သည် ကျွ

နိုပ်၏ စိတ်ထင်အရ ဤကိစ္စနှင့်ပတ်သက်၍ အမှန် ဖြစ်ရမည် ဟု ထင်မြ င်မိသော အချက်များ ကိုသာ ရေး သားဖော်ပြလိုက်ပေတော့မည် ။

ရှူးဒေါ့ဟက်စ်သည် ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ဦး ဖြစ်၍ ဟစ် တလာ ကိုယ်တိုင် ချစ်ခင်နှစ် လို ဖြစ်ကာ ဟစ်တလာ၏ ဗဟိုဦးစီးအဖွဲ့ တွင် ရင်းရင်းနှီးနှီး ပါဝင် နေခဲ့သူ ဖြစ်လေသည် ။ သူသည် ဟစ်တလာ အား ကြည်ညိုဆည်းကပ်သူ ဖြစ်ပြီး ကမ္ဘာ့ အခြေအနေ မည် သို့ ဖြစ်ပျ က်လာမည် ဆိုသည် ကိုလည်း စိတ်ဝင်စားသူ ဖြစ်သည် ။ သူသည် ဟစ် တလာ၏ စားပွဲတွင် ရံဖန်ရံခါလည်း အခြားလူ နှစ် ယောက်သုံးယောက် နှင့် အတူတွဲ ပြီး စားသောက်သူ ဖြစ်သည် ။ သူသည် ဟစ်တလာက ဆိုဗီ ယက်ရုရှားအား မုန်းတီးပုံ၊ ဘောလ်ရှီဗစ်ဝါဒကို ဖျက်ခွင်းလိုသော စိတ်ပြင်းထန်ပုံ၊ ဗြိတိန်ပြည်ကို အထင်ကြီးပုံ၊ ဗြိတိသျှအင်ပါယာနှင့် ဆ က်ဆံရန် တကယ်တမ်း စိတ်အားထက်သန်နေပုံ၊ အခြား တိုင်းပြည်အား လုံးလိုလိုအား ရွံ့ရှာပုံ အစရှိသော ဟစ်တလာ၏ စိတ်နေစိတ်ထား အကြောင်းကို သိလည်း သိသူ၊ နားလည်း လည်သူ ဖြစ်ပေ၏ ။

ဟက်စ်မှ လွဲ၍ ဟက်တလားအား အလွတ်သက်သက် မြင်ဖူးသူ၊ တွေ့ ဖူး သူ ဟူ၍ မရှိ။ စစ် ဖြစ်လာသော အခါ၌ ကား အခြေအနေပြောင်းလဲလာခဲ့ပေ၏ ။ ဟစ်တလာ၏ စားဖော်သောက်ဖော် များ သည် လိုအပ်သည် နှင့်အညီ များ သည် ထက် များ ၍ လာခဲ့၏ ။ ဗို လ်ချုပ်ကြီးများ ၊ ရေတပ်ဗိုလ်ချုပ်များ ၊ သံအမတ်များ ၊ အထက်တန်း အ ရာရှိကြီးများ အား အချိန်နှင့် ဆိုသလိုပင် ဟစ်တလာ၏ လက်ရွေးစင် အသိုက်အဝန်း အတွင် းသို့ ဝင်ခွင့်ပြုလာခဲ့ရလေသည် ။ ဒုတိယဆရာကြီး တစ်ဦးအ ဖြစ်ကို ရနေသူ ဟက်စ်မှာ လည်း အရောင် အဝါ မှေးမှိန်လာရတော့လေ၏ ။ ယခုလိုအခါမျိုး၌ ပါတီဆန္ဒပြပွဲ များ သည် မည် သို့ အဓိပ္ပါယ်ရှိနိုင်ပါတော့မည် နည်း။ အချိန်မှာ တကယ်တ

မ်း အလုပ်လုပ်ပေး ရမည့် အချိန်သာ ဖြစ်သည် ။ ကိုးယိုကားယားလုပ်နေရမည့် အချိန်မျိုး မဟုတ်တော့ချေ။

ကျွန်ုပ်တို့ သည် ဟက်စ်၏ ပြုမူပုံနှင့်ပတ်သက်၍ ဂုဏ်သတင်းရှိနေမှုဆို သော အချက်၏ နေရာတွင် စစ် ဖြစ်နေသော အခါမျိုး၌ သူချစ်သော ဟစ် တ လာ၏ ယုံကြည်မြတ်နိုးခြင်းခံရသော မိတ်ဆွေတစ်ယောက်အနေမျိုးသို့ မရောက်နိုင်တော့ လောက်အောင် ဣဿာမစ္ဆရိယ ရှိခဲ့မိသည် ဟူသော အချက်ဖြင့် ထိုဂုဏ်သတင်းကို အောက်သို့ လျှော့ချပေးကြရမည် သာ ဖြစ်လေသည် ။ သူ့စိတ်ထင်အရ ''ဤဗိုလ်ချုပ် ကြီးများ နှင့် အခြားလူများ ကို ဟစ်တလာ၏ ယုံကြည်ကိုးစားမှုနှင့် ဟစ်တလာနှင့် လက်ဆုံစားရသော စားပွဲသို့ ပို့ပေးရန်ရှိနေသည် ။ သူတို့ လည်း သူတို့ အနေနှင့် သူတို့ လုပ် ဆောင်ပေးနိုင်သည် များ ရှိကြပါလိမ့်မည် ။ သို့ သော် ငါသည် သူတို့ အားလုံးထက် ဟစ်တလာအား ပိုမိုကြီးမားသော သက်သာရာရမှုကို ပေးပေအံ့။ ငါသည် ဗြိတိန်ပြည်သို့ သွားပေအံ့။ ဗြိတိန်ပြည်နှင့် စစ်ပြေငြိမ်းနိုင်အောင် လုပ်ဆောင်အံ့။ စင်စစ် ငါ့အသက်သည် ဘာမျှတန်ဖိုး မရှိ။ ဤသို့ သော မျှော်လင့်ချက်မျိုးဖြင့်ဆိုလျှင် ငါသည် အသက်စွန့်ရန် ဝမ်းသာမိသေးတော့သည် '' စသည် ဖြင့် တွေ းထင်ခဲ့ပုံရပေ၏ ။ ဤသို့ သော အပြုအမူမျိုး သည် မည် မျှလောက်ပင် ရိုးသားလွန်းရာကျသော အပြုအမူမျိုးပင် ဖြစ်စေကာမူ၊ မိုက်မဲရာ ကျသော ညစ်ပတ်စုတ်ပဲ့သည့် အပြုအမူကား မဟုတ်ချေ။

ဥရောပအခြေအနေနှင့် ပတ်သက်၍ ဟ က် စ် ၏ သဘောထားမှာ အခြား မဟုတ်၊ အင်္ဂလန်ပြည်သည် ဂျာမနီပြည်နှင့် မိတ်ဆွေနိုင်ငံအ ဖြစ်သို့ ရောက်စေနိုင်မည့် အခွင့်အရေး ကို လည်းကောင်း၊ အမှန်အကျိုးခံစားခွင့်များ ကို လည်းကောင်း၊ အထူးသဖြင့် ကား ဘော်လရှီဗစ်ဆန့်ကျင်ရေး မဟာမိတ်အ ဖြစ်ကို လည်းကောင်း၊ ချာချီလို စစ်လိုလား သူများ

၏ အလုအယက်ထားခြင်းကို ခံနေရသည့် တိုင်းပြည် ဖြစ်သည် ။ အက ယ်၍ သူ(ရူးဒေ့ါဟက်စ်)သာ အင်္ဂလန်ပြည်အပေါ် ဟစ်တလာက ဘယ် လိုသဘောထားသည် ကို ဗြိတိန်လူထုနှင့် ဗြိတိန်ဘုရင်တို့ သိသွားအော င် လုပ်ပေးနိုင်မည် ဟု ဆိုပါက မလိုလားအပ်သော အ ဖြစ်ဆိုးများ ပေါ် ပေါက်နေစေလောက်အောင် ဤဂြိုလ်မွှေနေသော အင်္ဂလန်ပြည်ကို အုပ် ချုပ်ကြီးစိုးနေသည့် အဓမ္မအင်အားစုများ အား မောင်းထုတ်ပစ် လိုက်နို င်လိမ့်မည် သာ ဖြစ်တော့သည် ။ ဗြိတိန်ပြည်သည် မည် သည့်နည်းနှင့် ဘဝ ကျန်ကြွင်း တည်မြဲနေနိုင်ပါမည် နည်း။ ပြင်သစ်ပြည်လည်း ရေစုန် မျောသွားခဲ့ချေပြီ။ ယူဘုတ်များ ကလည်း မကြာမီအတွင် း ပင်လယ်ပြင် ဆက်သွယ်ရေး လမ်းကြောင်းများ ကို ဖြတ်တောက်ပစ်လိုက်ကြချေ တော့မည် ။ ဂျာမန်တို့ ၏ လေကြောင်းတိုက်ခိုက်မှုများ သည် ဗြိတိသျှစ က်မှုလက်မှုလုပ်ငန်းများ နှင့် ဗြိတိသျှမြို့ကြီးပြကြီးများ ကို ပျက်ယွင်းသွားစေလိမ့် မည် သာ ဖြစ်သည် အစရှိသည် ဖြင့် ပင် ဖြစ်လေ သည် ။

သို့ သော် လည်း ရူးဒေ့ါဟက်စ်သည် ဤကိစ္စကို ဆောင်ရွက်ရန်အတွ က် မည် သူ့အား ချဉ်းကပ်ရပါမည် နည်း။ ဟက်စ်၏ နိုင်ငံရေး အကြံပေး အရာရှိနှင့် ဟာမီလ်တန် မြို့စားကြီးတို့ ၏ သားများ ကား အသိအကျွမ်း များ ဖြစ်ကြသည် ။ ဟာမီလ်တန်မြို့စားကြီး သည် ဘုရင့်ပစ္စည်းထိန်း ဖြ စ်သည် ကိုလည်း ဟက်စ်သိနေပေသည် ။ ဤလိုပုဂ္ဂိုလ် တစ်ယောက်သ ည် ညနေတိုင်း ဘုရင်မင်းမြတ်နှင့် ညနေစာစားရသူသာ ဖြစ်မည် ဖြစ် ရာ သူသည် မင်းပေါက်စိုးပေါက်ပင် ဖြစ်ပေလိမ့်မည် ။ ဤသည် ကား အင်္ဂလန်ပြည် ဘုရင်နှင့် တိုက်ရိုက် အဆက်အသွယ်ရစေမည့် လမ်းစဉ်မှ န်ပင် ဖြစ်တော့သည် ။

နောက်ရက် အနည်းငယ်ကြာသော အခါ၌ ဂျာမန်သတင်းစာတစ်

စောင်က ''ပါတီဝင် ဖြစ်သူ ဟက်စ်သည် ထမင်းလုံးတစ္ဆေအခြောက်ခံရ သူပမာ ဖြစ်နေသည် ။ ထမင်းလုံးတစ္ဆေ အခြောက်ခံရသူတစ်ဦး ဖြစ်သည် နှင့်အညီလည်း အင်္ဂလန်ပြည်နှင့် ဂျာမနီပြည်နှစ် ပြည်ကို နားလည်မှု ရလာအောင် လုပ်ပေးနိုင်လိမ့်မည် ဟု အထင်ရောက်နေ ပေသည် ။ နေ ရှင်နယ်ဆိုရှယ်လစ်ပါတီသည် ဤစိတ်ကူးယဉ်သမားဟက်စ်အား ထမင်းလုံး တစ္ဆေခြောက်ခံနေရသော ကြောင့် ဝမ်းနည်းလှတော့သည် ။ သို့ သော်လည်း ဤကိစ္စသည် ဂျာမနီအား မရှောင်မလွှဲသာ စစ်တိုက်လာ စေအောင် ဖြစ်စေသော စစ်ကြီး၏ ဆက်လက် တိုက်ခိုက်နေရေး ကို မည် သို့ မျှ ထိခိုက်စေလိမ့်မည် ကားမဟုတ်'' စသည် ဖြင့် ရေး သားခဲ့ လေသည် ။ သို့ သော်လည်း ဤကိစ္စသည် ဟစ်တလာအဘို့ကား အ တော် ကြီး အဆင် မပြေ ဖြစ်စေသော ကိစ္စပင် ဖြစ်လေတော့၏ ။ အ ဖြစ်မှာ ကျွန်ုပ်(ချာချီ)၏ ယုံကြည်ကိုးစား ခြင်းခံရသော ဟက်စ်ထက် အသက်ငယ်သည့် နိုင်ငံခြားရေး အတွင် းဝန်တစ်ယောက် သည် စပစ်ဖိုင်ယာ လေယာဉ်ပျံတစ်စင်းကို ခိုးစီးကာ ဘာတက်ဂါတင်မြေပြင်ပေါ်သို့ လေ ထီးနှင့် ခုန်ချလိုက်သကဲ့သို့ သော အနေမျိုး ဖြစ်၍ နေလေသည် ။ မည် သို့ ပင် ဖြစ်စေ၊ နာဇီများ သည် ၊ ဟက်စ်၏ စစ်ရေး ချုပ်လုပ်သူအား ဖမ်းဆီးလိုက်ခြင်းဖြင့်သာ ရောင့်ရဲ လိုက်ကြရလေသည် ။

မေလ ၁၃ ရက်နေ့တွင် ကျွန်ုပ်သည် နိုင်ငံခြားရေး အတွင် းဝန်ခံသို့ အောက်ပါစာကို ရေး လိုက်လေ၏ ။

၁။ အားလုံးခြုံပြီး ကြည့်ရမည် ဆိုလျှင် ဟစ်အား ပြည် ထဲရေး ဌာန အနေ နှင့် မဟုတ်ဘဲ၊ စစ်ရုံးအနေနှင့် စစ်သုံ့ပန်းအ ဖြစ် ထားသည် က ပိုပြီး ကောင်းပေလိမ့်မည် ။ ဟက်စ်အား ပြင်းထန်သော နိုင်ငံရေး စွပ်စွဲချက်များ ဖြင့် စွပ်စွဲလာရလောက်စရာလည်း ရှိသည် ။ ဤလူ(ဟက်စ်) သည် အခြားနာဇီခေါင်းဆောင်များ ၏ နည်းတူပင် စစ်တရားခံအ ဖြစ်

သို့ ရောက်ရ မည့်သူ ဖြစ်သည် ။ သူရော သူ့အပေါင်းပါများ ကိုပါ စစ်အပြီးတွင် လူဆိုး၊ ဓါးပြများ အ ဖြစ်ဖြင့် ကြေညာပေးရလိမ့်မည် ။ ဤကိစ္စတွင် ကား သူဤသို့ နောင်တရခြင်းသည် ကောင်းမွန်သော အ ထောက်အပံ့ကို ရစေလိမ့်မည် သာ ဖြစ်သည် ။

၂။ လောလောဆယ်အားဖြင့် သူ့အား လန်ဒန်မြို့ မဝေးမလှမ်းလှ သော အိမ်တစ်လုံးတွင် ကြပ်ကြပ်တည်းတည်း သီးခြားထားပြီး သူ့စိတ် သဘောထားကို လည်းကောင်း၊ သူထံမှ ရနိုင်မည့်အချက်အလက် များ ကို လည်းကောင်း နှိုက်ယူပေးရမည် ။

၃။ သူ့အား ကျန်းမာရေး ပြည့်အောင် သာတောင့်သာယာရှိအောင် လုပ်ပေး ရမည် ။ အစားသောက်၊ စာအုပ်စာတမ်း၊ စာရေး ကိရိယာများ နှင့် အပန်း ဖြေမှုများ လည်း ပေးရမည် ။ နိုင်ငံခြားရေး ရုံးမှ သတ်မှတ် ပေးခြင်း ခံရသူများ မှ အပ သူ့အား ပြင်ပလောကနှင့် လည်းကောင်း၊ ဧ ည့်သည် တစ်စုံတစ်ဦးနှင့် လည်းကောင်း ဆက်သွယ်ခြင်း မရှိစေရ။ အ ထူးအစောင့် အရှောက်များ ကို ခန့်ထားရမည် ။ သတင်းစာ မဖတ်စေရ။ ရေဒီယိုလည်း နားမထောင်စေရ။ ကျွန်ုပ်တို့ ဖမ်းဆီးရမိသော ဗိုလ်ချုပ်မှူးကြီးတစ်ဦးပမာ သူ့အား လေးလေးစားစား ပြုစုရမည် ။ ထို့ နောက် မေလ ၁၆ရက်နေ့တွင် ဆာကာဒိုဂန်ထံသို့ လည်း အောက်ပါ စာ ကို ရေး လိုက်လေသည် ။

၁။ ဟက်စ်နှင့် သုံးကြိမ်တွေ့ဆုံရာတွင် စကားပြောခဲ့သည့်အချက်များ ကို အတော် အတန်ရေလည်အောင် ရေး ထားပါသည် ။ အထူးသဖြင့် ပါလီမန်သို့ တင်ပြရန် ဖြစ်သော်လည်း မ တင်ပြ ဖြစ်သော ကျွန်ုပ်၏ ကြေညာချက်ပါအချက်များ ကို ချဲ့ထွင်ရေး သားပါ။ ဤရေး သားချက်ကို ကျွန်ုပ်ကြေးနန်းတစောင်နှင့်အတူ သမ္မတ

ရစဘဲ့ထံသို့ ပို့မည် ။

၂။ ဟက်စ်အား အယ်လဒါရှော့၌ အချုပ်ခန်း လုပ်မပေးရသေးမီ ယ နေ့ ညပင် တာဝါသို့ ပို့ပေးရန် စစ်ရုံးက အကြံညာဏ်ပေးသည် ကို ကျွန်ုပ် ထောက်ခံသည် ။

မေလ ၁၇ ရက်နေ့တွင် ရစဘဲ့ထံ အောက်ပါအတိုင်း အကြောင်းကြား လိုက်၏ ။ နိုင်ငံခြားရေး ရုံးမှ ကိုယ်စားလှယ်လုပ်သူသ ည် ဟက်စ်နှင့် သုံးကြိမ် တွေ့ ဆုံခဲ့ပါသည် ။

မေလ ၁၁-၁၂ရက်နေ့တွင် ပြုလုပ်သော ပထမတွေ့ ဆုံဆွေးနွေး မှု၌ ဟက်စ်သည် စကားကို ဘောင်းလန်အောင် ပြောခဲ့သည် ။ မှတ်စု များ ၏ အကူအညီဖြင့် ရှည်လျားသော ကြေညာချက်များ ကိုလည်း ကြေညာ ခဲ့သည် ။ သူပြောသော စကားများ အနက် ပထမပိုင်းမှာ ပြီးခဲ့သည့် နှစ် သုံးဆယ်အတွင် းတွင် ပေါ်ပေါက်ခဲ့သည့် အင်္ဂလိပ်- ဂျာမန်ဆက်ဆံရေး ကို ဖော်ပြသည် ။ ဂျာမနီပြည်သည် အမြဲမှန်ပြီး အင်္ဂလန်ပြည်ကသာ အမြဲမှာ းခဲ့သည် ကို ထင်ရှားစေရန် ပြောသော စကားများ ပင် ဖြစ်သည် ။ ဒုတိယပိုင်းမှာ ရေငုပ်သင်္ဘော လက်နက်များ နှင့် လေကြောင်းလက်န က်များ ၏ ပူးပေါင်းမှုဖြင့် လည်းကောင်း၊ ဂျာမန်တို့ ၏ စိတ်ဓါတ်တည် တံ့ပုံအလျောက် လည်းကောင်း၊ ဟစ်တလာ၏ နောက် တွင် ဂျာမန်လူမျိုးများ တစ်စည်းတစ်လုံးတည်း ရှိနေကြသော ကြောင့် လည်း ကောင်း၊ ဂျာမန်များ သေချာပေါက် စစ်အောင်နိုင်မည် ဖြစ်သည် ကို အ ထူးပြုဖော်ပြသည် ။ တတိယပိုင်းတွင် စေ့စပ်ဖြေရှင်းရေး အတွက် အကြံညာဏ်ပေးချက်များ ပါဝင်သည် ။ ဟက်စ်၏ အဆိုအရ၊ ဥရောပ တို က်တွင် မိမိလွတ်လပ်စွာ ပြုကျင့်ဆောင်ရွက်ခွင့်ကို ရပြီး ဂျာမန် ကိုလိုနီ များ ကို ပြန်ရစေမည် ဟု လည်း ဆိုလျှင် ဟစ်တလာသည် ဗြိတိသျှ အင်

ပိုင်ယာအား မည် သို့ မျှ မထိပါးလို။ သူ့နဂိုနေအတိုင်းပင် ထားလို သည် ။ သို့ သော် ဟစ်တလာသည် လက်ရှိအင်္ဂလိပ်အစိုးရနှင့် စေ့စပ် နိုင်မည် မဟုတ်ဟူသော ချွင်းချက်ကိုကား ထားသည် ။ ဤသည် ကား ယာယီ အားဖြင့် ကျွန်ုပ်တို့ တွင် ကြီးမားသော ထိခိုက်မှုကို မခံရစေရန် အတွက် ကျွန်ုပ်တို့ ၏ မိတ်ဟောင်းဆွေဟောင်းများ ကို စွန့်ပစ်လိုက်ရန် တောင်း ဆိုလိုက်သော ရှေးက တောင်းဆိုခဲ့ဘူးပြီး ဖြစ်သည့် တောင်းဆို ချက်အ ဟောင်းအမျိုးတရပ်ပင် ဖြစ်ပါသည် ။

နိုင်ငံခြားရေး ရုံး ကိုယ်စားလှယ်လုပ်သူက ဟက်စ်အား ဟစ်တလာ က ဥရောပတိုက်တွင် ကိုယ့်ဘာသာ လွတ်လပ်စွာ ကျင့်ခွင့်ရစေရန်ဟု ပြောရာ၌ ရုရှားပြည်ကို ဥရောပတိုက်ထဲတွင် ထားကာ ပြောခြင်း ဖြစ် သလော။ အာရှတိုက်ထဲတွင် သွတ်သွင်းကာ ပြောခြင်း ဖြစ်သလော ဟု မေးသည် ။ ဟက်စ်က ''အာရှတိုက်ထဲတွင် သွတ်သွင်းထားပါသည် '' ဟု ပြန်ပြောသည် ။ သို့ သော် ဂျာမနီပြည်သည် ရုရှားပြည်မှ တောင်းဆိုရ မည့် တောင်းဆိုချက်များ ရှိနေပါသည် ဟု ပြောသည် ။ ရုရှားကို တိုက်ခို က်ရန် စီမံချက်ပြုလုပ်နေသည် ဟူသော ကောလဟာလ သတင်း ကို ကား ငြင်းဆိုသည် ။

ဟက်စ် ဖန်တီးပေးသော ထင်မြင်ချက်များ မှာ အခြားမဟုတ်။ သူသ ည် ဂျာမနီစစ်အောင်နိုင်မည် ဖြစ်သည် ကို သေချာပေါက် သိသော် လ ည်း ထိုသို့ အောင်နိုင်ရန်အတွက် အချိန်လွန်စွာ ကြာမြင့်ပြီး အသက်ပေါ င်းများ စွာ ဆုံးရှုံးပျက်စီး နစ်နာလိမ့်မည် ဟု ထင်နေပုံရသည် ။ သူသည် ဤတိုင်းပြည် (အင်္ဂလန်ပြည်) မှ လူများ အား စေ့စပ်ပြေအေး၍ ရနိုင်စေ မည် ဖြစ်သော အခြေခံကို ရှင်းပြနိုင်ပါက စစ်ကြီးကို ပြီးဆုံးသွား စေပြီး မလိုလားအပ်သော ထိခိုက်နစ်နာမှုများ မှ လည်း ရှောင်လွှဲပေးစေ နိုင် လိမ့်မည် ဟု ထင်ရပါသည် ။

မေလ ၁၄ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေး နွေးရာ၌ ဟက်စ်သည် အောက်ပါထင်မြင်ချက်နှစ် ရပ်ကို နောက်ထပ် ပေါ်ပေါက်လာစေပြန်ပါသည် ။ ၁။ မည် သည့်ငြိမ်းချမ်းရေး ဆွေးနွေးချက်မျိုးတွင် ပင် ဖြစ်စေ၊ ဂျာမနီသည် ရာရှစ်အလီကို ထောက်ခံကာ အီရတ်မှ ဗြိတိသျှများ ထွက်ခွာသွားစေရန် လုပ်လိမ့်မည် ။

(၂) လေတပ်၏ ပူးပေါင်းဆောင်ရွက်မှုကို ခံယူမည့် ယူဘုတ်စစ်ပွဲလို၊ ဤဗြိတိန်ကျွန်းအားလုံးတွင် ထောက်ပံ့ရေး များ အားလုံးကို ပြတ်တောက် ကုန်သည် အထိ ဆက်လက်ဆင်နွှဲပေးလိမ့်မည် ။ အင်္ဂလန်ကျွန်းကို ဂျာမနီသိမ်းပိုက်သွားကာ ဗြိတိသျှအင်ပါယာအနေနှင့်သာ ခံချနေတော့သည့်အချိန်သို့ တိုင်အောင် ဗြိတိန်ပြည်သားများ ငတ်မွတ်သေဆုံးချင် သေဆုံးကုန်စေကာမူ ဗြိတိန်ကို ပိတ်ဆို့ထားမည် သာ ဖြစ်သည် ။

မေလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တတိယမြောက် တွေ့ဆုံဆွေးနွေးမှုတွင် သင့်တိုင်းပြည် (အမေရိကန်ပြည်) နှင့် ပတ်သက် သော အထင်သေးအမြင်သေး ပြောကြားမှုများ နှင့် သင့်တိုင်းပြည် အနေနှင့် ကျွန်ုပ်တို့ အား ပေးနိုင်မည့် အကူအညီအကြောင်းကို မတော် တဆပြောဆိုရင်း ပေါ်ပေါက်လာခဲ့သည် မှ အပ၊ အခြားမယ်မယ်ရရ မည် သည့်အချက်မျှ ပေါ်ပေါက်လာခြင်းမရှိ။ အထူးသဖြင့်ကား သူသည် သင်တို့ တိုင်းပြည်မှ ထုတ်လုပ်လျက်ရှိသော လေယာဉ်ပျံထုတ်လုပ်မှုများ နှင့် လေယာဉ်ပျံ အမျိုးအစားများ အကြောင်းကို လုံလုံလောက်လောက် စိတ်ဝင်စားပုံမရပါ။

ဟက်စ်သည် ကျန်းမာရေး လည်း ပြည့်စုံသည် ။ စိတ်လှုပ်ရှား ပုံလည်း မရ။ ရူးကြောင်ကြောင်နိုင်သည့် အရိပ်လက္ခဏာကိုလည်း မတွေ့ရပါ။ သူ၏ ပြောဆိုချက်အရ သူ ဤသို့ ထွက်ပြေး လာခြင်းမှာ သူ့သဘော

အလျောက်သာ ဖြစ်ပြီး ဟစ်တလာက ကြိုတင်သိရှိထားခြင်း မရှိဟု ဆို ပါသည် ။ သူပြောသမျှကို ယုံကြည်ချက်ထားရမည် ဆိုလျှင် သူသည် အင်္ဂလန်ပြည်ရှိ ''ငြိမ်းချမ်းရေး သမား''များ အား တွေ့ ဆုံ ဆက်ဆံကာ၊ လက်ရှိအင်္ဂလိပ်အစိုးရအား တိုက်ထုတ်ရာ၌ အကူအညီ ပေးလိုလျက်ရှိ ပါသည် ။ သူသည် ကတိသစ္စာရှိသူ၊ ရူးလည်း မရူးသူ သာ ဖြစ်သည် မှန် ပါက ဤသည် ကား ဂျာမန်စုံစမ်းထောက်လှမ်းရေး ဌာန၏ ညံ့ဖျင်းမှုကို ဖော်ပြနေသော အချက်ပင် ဖြစ်ပါသည် ။ သူ့အား မတရားပြုမူ ဆက်ဆံ မည် မဟုတ်ပါ။ သို့ သော် သူ့အကြောင်းနှင့် သူ့စွန့်စားမှုအကြောင်းကို သတင်းစာများ က တန်ဆာဆင်ကာ ရေး သား ဖော်ပြခြင်းမပြုအောင် လုပ်ထားရန်လိုပါသည် ။ သူသည် ဟစ်တလာ ပြုကျင့်သော ပြစ်မှုများ တွင် ဝေပုံကျ ပါဝင်ခဲ့သူ ဖြစ်ပြီး မဟာမိတ် အစိုးရများ ၏ ဆုံးဖြတ်ချက် ပေါ်တွင် သာ သူ၏ ကုသိုလ်ကံ တည်ရှိ လျက်ရှိသော စစ်ရာဇဝတ်ကော င်တစ်ဦး ဖြစ်သည် ဆိုသည် ကို မေ့နေ၍ မ ဖြစ်ပါ။

သမ္မတကြီးခင်ဗျား။ အထက်ပါ ဖော်ပြချက်များ မှာ သင်သိစေရန် အ တွက်မျှသာ ဖြစ်ပါသည် ။ အင်္ဂလန်ပြည်တွင် ကား ကျွန်ုပ်တို့ သည် သ တင်းစာများ အား အသာထားပြီး ဂျာမန်များ အားလည်း ထင်ချင်ရာ ထ င်နေစေလိုလျက် ရှိကြပါသည် ။ ဂျာမန်အရာရှိ သုံ့ပန်းများ မှာ ဤသတ င်းကြောင့် အတော် ခေါင်းရှုပ်လျက် ရှိနေကြပြီး၊ ဂျာမန်လက် နက်ကိုင် တပ်ဖွဲ့များ အတွင် းတွင် လည်း သဘောအယူအဆ မှာ းယွင်းမှု များ ပေါ်ပေါက်လျက် ရှိမည် ဖြစ်သည် ကို ကျွန်ုပ် ယုံမှာ းသံသယ မ ဖြစ်ပါ။

ဆရာဝန်များ အား ဟက်စ်က ရှင်းလင်းပြောကြားသည့် အချက်များ မှာ လည်း ဤမျှထက်ပိုပြီး ရှင်းလင်းလှခြင်း မရှိခဲ့ပေ။ မေလ ၂၂ ရက် နေ့၌ သူ၏ ဆရာဝန် လုပ်သူက အောက်ပါအတိုင်း အစီရင်ခံခဲ့ပေ၏ ။

''ဟက်စ်၏ ပြောဆိုချက်အရ သူသည် ၁၉၄၀ ခုနှစ်၊ လန်ဒန်မြို့အား ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လွန်စွာ တုန်လှုပ်မိသည် ။ မိန်းမ များ နှင့် ကလေးများ သေဆုံးကုန်ရသည် ကိုလည်း စက်ဆုပ်သည် ။ သူ သည် မိန်းမများ နှင့် ကလေးများ ကို စဉ်းစားမိသော အခါ၌ ဤသို့ စက် ဆုပ်သော အမှုသည် ပိုမိုပြင်းထန်လာသည် ။ သို့ ဖြင့် သူသည် ဤတိုင်းပြည်တွင် ရှိနေပြီ ဖြစ်ရမည် ဟု ယုံကြည်ထားပြီး ဖြစ်သော စစ် ဆန့်ကျင် ရေး သမားများ နှင့် ငြိမ်းချမ်းရေး အတွက် အစီအစဉ်ပြုလုပ်ရ န် လေယာဉ်ပျံနှင့် သွားရောက် မည် ဟု စိတ်ကူးထားသည် ။ ဤကိစ္စတွ င် ကိုယ်ရေး ကိုယ်တာ အကျိုးခံစားခွင့် ရလိုခြင်း လုံးဝ မရှိ။ သဘောတ ရားရေး အနေနှင့်သာ ဆောင်ရွက်ခြင်း ဖြစ်မည် ဆိုသော အချက်ကို ဟ က်စ်က အထူးပြုပြောဆိုပါသည် ။''

''ဤစိတ်ကူးအလျောက်ပင် သူသည် ကားလ်ဟော့ရှော့ပါးက အ လားတူ ပြောဆိုခဲ့သည် ကို လည်းကောင်း၊ အဓိပ္ပာယ်မရှိ သတ်ဖြတ်နေ သည် ကို စက်ဆုပ်မိမည် ဖြစ်သော ဟာမီလ်တန်မြို့စားကြီးအကြောင်း ပြောပြသည် ကို လည်းကောင်း၊ နားထောင် မိကာ စိတ်ဝင်စားလာခဲ့ခြင်း ဖြစ်သည် ။ ဟော့ရှော့ဖားသည် အိပ်မက်မက်ရင်း နှင့် သုံးကြိမ် တိုင်တိုင် မည် သည့်နေရာသို့ သွားနေသည် ဟု ကား မသိ ရသော လေယာဉ်ပျံပေါ်၌ ဟက်စ်ရောက်နေသည် ကို တွေ့ ရသည် ဟူ၍ လည်း ပြောဆိုခဲ့သေးလေသည် ။ ဤသို့ သာ ပုဂ္ဂိုလ်တစ်ယောက်၏ ဤ သို့ သော ပြောဆိုချက်များ မှာ အင်္ဂလန်ပြည်သို့ ငြိမ်းချမ်း ရေး ကိုယ်စား လှယ်အ ဖြစ်ဖြင့် ဟာမီလ်တန်မြို့စားကြီးအား ရှာဖွေရန် အသွားခိုင်းခြင်း သာ ဖြစ်ရမည် ဟု ဟက်စ်တွေ းထင်မိသည် ။ ဟာမီလ် တန်က သူ့အား အင်္ဂလန်ပြည် ဘုရင်ထံသို့ ပို့ပေးလိမ့်မည် ဟု သူထင်မှ တ်သည် ။ လောလောဆယ် ဗြိတိသျှအစိုးရလည်း ရာထူးမှ ပြုတ်ကျကာ

ငြိမ်းချမ်းရေး လိုလားသော အစိုးရအဖွဲ့ တက်ရောက်လာ လိမ့်မည် ။ ဟက်စ်က မိမိအား အာဏာရှိသမျှ အစွမ်းကုန်နည်းများ ဖြင့် အနှောင့်အယှက် ပေးမည့် လက်ရှိအုပ်ချုပ်ရေး ယန္တရားမှ လူများ နှင့် မဆက်သွယ်လိုပေ။ သို့ သော် လက်ရှိအစိုးရနေရာတွင် မည် သည့်နိုင်ငံရေး ခေါင်းဆောင်များ တက်ရောက်လာမည် ဖြစ်သည် ဆိုသည် ကိုကား ဝိုးတိုးဝါးတားနိုင်လှသည် ။ ဗြိတိန်ပြည် နိုင်ငံရေး သမားများ ၏ နာမည် နှင့် အဆင့်အတန်းကိုလည်း မှား ယွင်းသိမြင်နေပုံရသည် ။ ဟက်စ်သည် ဝီလီမက် ဆရာမစ်နှင့် တွေ့ ဆုံကာ ဂျာမနီပြည်တွင် းတွင် ပင် ခရီးဝေးလေယာဉ်ပျံသန်းမှု လေ့ကျင့်ရေး များ နှင့် ပတ်သက်၍ လိုအပ်သော အကူအညီများ ရခဲ့ပုံကို လည်းကောင်း သူအသင့် ဖြစ်လာ သော အခါ၌ ဂျာမနီပြည်မှ ထွက်ခွာလာခဲ့ပုံကို လည်းကောင်း ပြောပြလေသည် ။ သူသည် မိမိနှင့်အတူ လုပ်ဖော်ကိုင်ဖက်မရှိဘဲ သူ့ခရီးစဉ်ကို သူ့ဘာသာစီစဉ်ခဲ့ပုံ၊ လမ်းကြောင်း ပေးခဲ့ပုံ၊ သူရောက်လိုသော ဒွန်းဂါဗဲနှင့် ၁၀ မိုင်သာ ဝေးသည့်အရပ်သို့ အရောက် ပျံသန်းလာနိုင်ခဲ့ပုံများ ကိုလည်း ပြောပြလေသည် ။

ကက်ဘိနက်အဖွဲ့မှ နေပြီး လော့ဆိုင်းမွန်းအား ဟက်စ်နှင့် တွေ့ ဆုံစေရန် စေခိုင်းခဲ့သော ကြောင့် ဇွန်လ ၁၀ ရက်နေ့တွင် တွေ့ ဆုံမှုတစ်ခုကို ပြုလုပ်သည် ။ ထိုတွေ့ ဆုံဆွေးနွေးမှုတွင် ဟက်စ်က ''ဟစ်တလာသည် အင်္ဂလန်ပြည်၌ သိမြင် နားလည်မှုရအောင် လုပ်ပေးနိုင်ခြင်းရှိတော့မည် မဟုတ်ဘဲ ဆုံးဖြတ်လိုက်ခြင်းမှာ ရေတပ် ဗိုလ်ချုပ်လော့ဖစ်ရှား၏ စစ်တိုက်ရာတွင် မစို့မပို့လုပ်ခြင်းသည် ကြီးလေးသော အပြစ်ကြီးတစ်ရပ်သာ ဖြစ်တော့သည် ။ တိုက်တော့မည် ဆိုလျှင် မည် သည့်နေရာကိုပင်ဖြစ်စေ ခပ်နာနာသာ ဖိတိုက်ပါဟူသော ဥပဒေသနှင့်အညီသာလျှင် ဖြစ်သည် ။ သို့ သော် လည်း ဟစ်တလာသည် ဤ(လေတပ်နှင့် ယူဘုတ်)

တိုက်ခိုက်မှုများ နှင့်ပတ်သက်၍ အမိန့်ပေးရန် ခက်ခဲနေတတ်မြဲသာ ဖြစ်သည် ကို ကျွန်ုပ်ကောင်းစွာဝန်ခံနိုင်မည် ။ ဤသို့ သော အမိန့်များ ကို ပေးရခြင်းဖြင့် လွန်စွာ စိတ်လက်မကောင်း ဖြစ်ရမြဲသာ ဖြစ်သည် ။ ဟစ်တလာသည် ဤနည်းဤပုံအတိုင်း စစ်ဆင်တိုက်ခိုက်သည် ကို ခံနေကြရသည့် ဗြိတိန်ပြည်သူပြည်သားများ အား လုံးဝသနားသက်ညှာမိသည် ။ သူ၏ အဆိုအရ စစ်အောင် နိုင်သူသည် ပင် သဘောတူညီမှုရယူလိုသော တိုင်းပြည်အပေါ်သို့ တင်းကြပ်သော စည်းမျဉ်းများ ကို ချမှတ်မည် မဟုတ်ဟူ၍ ပြောနေမြဲ ဖြစ်သည် '' စသည် ဖြင့် ပြောပြ လေသည် ။ ထို့နောက် ဟက်စ်သည် မိမိ၏ သော့ ချက်ဆန္ဒတစ်ရပ်အ ဖြစ်ဖြင့် ''အင်္ဂလန် ပြည်ဟာ ဒီအကြောင်းကိုသာ သိရင် သဘောတူညီ မှုရဖို့ ရာ ဖြစ်နိုင်လာမှာ အမှန်ပဲ'' ဟု ပြောခဲ့ပြန်လေသည် ။ အမှန်အားဖြင့်ကား အင်္ဂလန်ပြည်သည် ဟစ်တလာအား အကြောင်းမှန်အတိုင်းသာ သိမြင်ပါက ဟစ်တလာ၏ လိုအင်ဆန္ဒအတိုင်း လိုက်လျော ရမည် သာ ဖြစ်ပေသည် ။

ဟက်စ်၏ စိတ်ဓါတ်အနေအထားအကြောင်းနှင့်ပတ်သက်၍ ဆေးဘက်မှ လည်း စုံစမ်းစစ်ဆေးခဲ့လေသည် ။ ဟက်စ်သည် ခေါင်းဆောင်တစ်ယောက်အား ကြည်ညိုဆည်းကပ်ခြင်းဖြင့် မိမိအတွက် တန်ခိုးအာဏာနှင့် ရာထူးဌာနန္တရကို ရယူလို သော ဆန္ဒဖြင့် ငြိမ်းချမ်းရေး ကို အရယူနေသည့် စိတ်ဂဏှာမငြိမ်သူတစ်ဦး ဖြစ်သည် မှာ သေချာလှပေတော့၏ ။ သို့ သော် လည်း သူသည် ဆေးကုသရေး နှင့် သက်ဆိုင်ရုံမျှ သာ ဖြစ်သော လူတစ်ယောက်ကား မဟုတ်။ သူသည် ဟစ်တလာ၏ စိတ်နေစိတ်ထား နှင့်ပတ်သက်၍ မိမိ၏ ထင်မြင်ချက်များ ကို စွဲစွဲထင်ထင် ယုံကြည်နေသူ ဖြစ်သည် ။ အကယ်၍ အင်္ဂလန်ပြည်သည် ဤအကြောင်းကို အလားတူသိမြင်လာမည် ဟု သာ ဆိုပါက ထိခိုက်နစ်နာမှုများ ကို သက်

သာရာရစေလိမ့်မည် ဖြစ်ပြီး သဘောတူညီမှုရရန် လည်း လွန်စွာ လွယ်ကူပေလိမ့်မည် ။ ဥရောပတိုက်တွင် ဂျာမနီအား လွတ်လပ်စွာ ပြုကျင့်ခွင့်ရစေပြီး ဗြိတိန်ပြည်အား ဗြိတိသျှအင်ပိုင်ယာ၌ လွတ်လပ်စွာ ပြုကျင့်ခွင့် ရစေနိုင်လိမ့်မည် ။ အခြားအသေးအဖွဲ့အချက်အလက်များ မှာ ကား ဂျာမန်ကိုလိုနီများ ကို ပြန်ရစေရေး ၊ အီရတ်ပြည်မှ အင်္ဂလိပ်များ ပြောင်းရွှေ့ဆုတ်ခွာပေးရေး ၊ အီတလီပြည်နှင့် စစ်ပြေငြိမ်းရေး တို့ ပင် ဖြစ်သည် ။ သို့ သော် လည်း ဖြစ်နေရသည် မှာ ကား အင်္ဂလန်ပြည်၏ အခြေအနေမှာ မျှော်လင့်ချက်ကင်းမဲ့သော အခြေအနေမျိုး ဖြစ်နေခြင်းပင် ဖြစ်သည် ။ အင်္ဂလန်ပြည်သည် ဤအချက်အလက်များ ကို သဘောတူညီခြင်း မရှိပါက အနေးနှင့် အမြန်ဆိုသလိုပင် ထိုအချက်အလက်များ ကို ထိုးပေးရတော့လောက်အောင် ဖြစ်လာ လိမ့်မည် ။ အထက်ပါအတိုင်း ဟက်စ်က ပြောဆိုသည် ကို ပြန်လည်ဖြေကြားရာ၌ လော့ဆိုင်းမွန်းက ''ဒီလိုဆွေးနွေးချက်မျိုးနဲ့ တော့ ဗြိတိသျှကက်ဘိနက်အတွက် သင့်မြတ် လှမယ် မဟုတ်ဘူး ။ ဘာလို့ လဲဆိုတော့ ဒီတိုင်းပြည်ဟာ သူရသတ္တိ ကောင်းကောင်း ကြီး ရှိတယ်ဆိုတာကို ခင်ဗျားလည်း အသိပဲ။ နောက်ပြီး ကျုပ်တို့ က ငြိမ်းခြောက်မှုတွေ ကို လိုလားကြတာလည်း မဟုတ်ဘူး ''ဟု ပြန်ပြောခဲ့ပေ၏ ။

ဟက်စ်သည် ဟစ်တလာနှင့် မည် မျှလောက် ရင်းနှီးမှုရှိနေသည် ဆိုသည် ကို ထောက်ထားကြည့်လိုက်မည် ဟု ဆိုပါက သူသည် အကြီးအကျယ် အသင့်ပြင်လျက် ရှိသော ရုရှားပြည်ကို တိုက်ခိုက်ရန်အရေး နှင့်ပတ်သက်၍ မသိဘဲ ဖြစ်နေခြင်းသည် လည်းကောင်း၊ သိပါလျှင်လည်း သိသည့်အကြောင်းကို မပြောဘဲထားခြင်းသည် လည်း ကောင်း၊ အတော်ကြီး အံ့အားသင့်ဖွယ် ဖြစ်၍ နေတော့လေ၏ ။ ဆိုဗီယက်အစိုးရသည် ဟက်စ်၏ အရေး နှင့်ပတ်သက်၍ အကြီးအကျယ်ခေါင်းရှုပ်ခဲ့ရာကာ ဤ

ကိစ္စကို အမှာ းမှာ းအယွင်းယွင်း ယူဆမိခဲ့ကြလေသည် ။ နောက်သုံးနှစ် အကြာ ဒုတိယအကြိမ် မြောက် ကျွန်ုပ် မော်စကိုသို့ အလည်အပတ်ရောက်သွားသော အခါ၌ ဤကိစ္စနှင့် ပတ်သက်၍ စတာလင် စိတ်ဝင်စားမှုရှိနေသည် ကို တွေ့ ရလေသည် ။ ညနေစာ စားပွဲ တစ်ခု၌ စတာလင်က ကျွန်ုပ်အား ဟက်စ် ဆိုက်ရောက်လာရာ၌ အကြောင်းမှန် မည် သို့ ရှိပါသလဲဟု မေးခဲ့သည် ။ ကျွန်ုပ်က ဤအခန်းတွင် ရေး သားထားချက်များကို အတိုချုပ်ပြီး ပြောပြသည် ။ မလုပ်ဆောင် ဖြစ်သော ရုရှားပြည်အား ချင်းနင်း ဝင်ရောက် တိုက်ခိုက်ရန် အရေး တစ်ခုခုအတွက် ဗြိတိန်ပြည်နှင့် ဂျာမနီပြည်တို့ သည် တိတ်တိတ် ပုန်း လျှို့ဝှက်ကြံစည်မှု သို့ မဟုတ် စေ့စပ်မှုရှိနေကြသည် ဟု အထင်ရောက်နေ ကြောင်း ဖြင့် ကျွန်ုပ်နားလည်နေမိပေသည် ။ စတာလင် မည် မျှလောက် လိမ်မာရေး ခြားရှိသည်ကို နားလည်နေမိသော အနေမျိုးဖြင့်ဆိုလျှင် ဤကိစ္စနှင့်ပတ်သက်၍ သူ မိုက်မိုက်မဲမဲ ဖြစ်နေပုံကို တွေ့ ရခြင်းဖြင့် ကျွန်ုပ် လွန်စွာပင် အံ့အားသင့်မိတော့လေသည် ။ စကားပြန် လုပ်သူက ကျွန်ုပ်ပြောသမျှကို စတာလင်က အယုံအကြည် မရှိလှကြောင်း ပြောပြသော အခါ၌ ကျွန်ုပ်က-

''ကျုပ်ဟာကျုပ် သိသလောက် ဖြစ်တဲ့ အချက်အလက်တွေ ကို ခင်းပြတဲ့ အခါမှာ လက်ခံလိမ့်မယ်လို့ မျှော်လင့်ချက်ရှိပြီးသား ဖြစ်နေပါတယ်''ဟု ပြန်ပြောလိုက် လေသည် ။ ဤသို့ ခပ်ပြတ်ပြတ်ပြောသည် ကို စတာလင်သည် ခပ်ပြုံးပြုံးပင် လက်ခံ လိုက်ပြီး ''ကျုပ်တို့ ရဲ့ ရုရှားပြည်မှာ တောင် ကျုပ်တို့ ရဲ့ လျှို့ဝှက်စုံစမ်းရေး ဌာနက ကျုပ်ကို ပြောပြဖို့ မလိုတဲ့ ကိစ္စတွေ အများ အပြား ဖြစ်ပျက်ပေါ်ပေါက်နေပါတယ်''ဟု ပြန်ပြောလေသည် ။ ကျွန်ုပ်သည် ဤကိစ္စကို ဤနည်းအတိုင်းပင် ထားလိုက်ရတော့ လေသည် ။

ပြန်ပြောင်းတွေ းတောကြည့်လိုက်မည် ဟု ဆိုပါက ကျွန်ုပ်သည် ဟ

က်စ်အား မည် သို့ ပြုစုထားခဲ့သည် ဆိုသည့်အရေး နှင့်ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျ တာဝန်မယူခဲ့ မိခြင်းကိုပင် ဝမ်းမြောက်မိရပေတော့၏ ။ ဟစ်တလာနှင့် နီးစပ်မှုရှိသော ဂျာမန်လူမျိုး တစ်ဦး၏ မနောကံမြောက်အ ဖြစ် မည် သို့ ပင်ရှိသည် ကို ဆိုရစေကာမူ ကျွန်ုပ်၏ စိတ်ထင်အရ ဟက်စ်သည် ကြင်နာယုယမှုပြုခြင်းဖြင့် အပြစ်ကို ဆေးလျှော်ခဲ့သည် ဟ ထင်ရပေ၏ ။ သူသည် သူ့စိတ်သဘောအလျောက် ကျွန်ုပ်တို့ ထံသို့ ဆိုက်ရောက်လာခဲ့သူ ဖြစ်ပြီး အာဏာပင်မရှိသည် မှန်သော် လည်း သံအမတ်တစ်ယောက်၏ အရည်အချင်းမျိုး ကား ရှိသူ ဖြစ်သည် ။ သူ့ကိစ္စမှာ ဆေးကုသရေး နှင့် သက်ဆိုင်သော ကိစ္စသာ ဖြစ်သည် ။ ရာဇဝတ်မှုနှင့် သက်ဆိုင်သော ကိစ္စမျိုးမဟုတ်။ သို့ ကြောင့် ဤကိစ္စအား ဆေးကုသရေး ကိစ္စ တစ်ရပ်အ ဖြစ်ဖြင့်ပင် သဘောထားရတော့မည် ဖြစ်လေသည် ။

***

''ကျွန်ုပ်၏ ကံကြမ္မာအတွက် မည် သို့ မည် ပုံ ဖန်တီးရ မည် ကို ကျွန်ုပ်သိခဲ့ပြီ။ ကျွန်ုပ်သည် နိုင်ငံရေး တွင် ပါဝင်ဆောင်ရွက် ရန် သံဓိဋ္ဌာန်ချမှတ်ခဲ့ပြီ ဖြစ်သတည်း . . . . . . . .''

## (ဟစ်တလာရေး ကျွန်ုပ်၏ ကြိုးပမ်းမှု)

နာဇီပါတီ၏ ခေါင်းဆောင် ဟစ်တလာသည် နိုင်ငံတော် အာဏာကို အရယူ ထားသော ဘာလင်မြို့ရှိ ရီပတ်ဗလစ်ကန်ဗဟိုအစိုးရအား တော်လှန်ဖြုတ်ချရန် ကြံစည် ပုန်ကန်မှုဖြင့် အောင်ပွဲမဆင်နိုင်ဘဲ ထောင်ထဲ ဝင်ခဲ့ရသည် ။ ၁၉၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ စတင်၍ ရက်ပေါင်း ၂၄ ရက်ကြာမျှ အထူးခုံအဖွဲ့က စစ်ဆေးခဲ့ပြီး ထောင်ဒဏ် ၅ နှစ် အပြစ်ပေးခဲ့သည် ။ သို့ ရာတွင် ထောင်သက်တစ်နှစ် ကြာမျှသာ နေလိုက်ရသည် ။ သူပြန်လွတ်လာသည် ။ သူနှင့်အတူ နောင်တစ်ချိန်၌ ကမ္ဘာကျော်လာ တော့မည့် မိန်းကင့်ဆိုသော ''ကျွန်ုပ်၏ ကြိုးပမ်းမှု'' လက်ရေး စာမူကြမ်းတစ်ခု ပါလာခဲ့၏ ။ ထောင်ကျနေစဉ်အတွင်း ၊ သူရေးသားခဲ့သော စာမူ ဖြစ်သည် ။ ထောင်အတွင်း ၊ သူ့အားလပ်ချိန်များ ကို အနားမပေးဘဲ ''ကျွန်ုပ်၏ ကြိုးပမ်းမှု'' စာမူကြီးကို နှုတ်တိုက်ရွတ်ဆိုလျက် သူနှင့်အတူ ထောင်ကျနေသော နာဇီပါတီဝင် အီမစ်လ်မောရစ်ကို လိုက်ရေး စေခဲ့သည် ။ ထိုစာမူမှာ သူ၏ ဘဝအတ္ထုပ္ပတ္တိဟု ဆိုနိုင်သလို သူ၏ နိုင်ငံရေး ဆောင်ရွက်ချက်များ နှင့် နိုင်ငံရေး ခံယူချက်များ အား အဓိကထား၍ ရေး သားခဲ့ခြင်းလည်း ဖြစ်သည် ။ သူ ထောင်ထဲ၌ နေရစဉ်မှာ ''ပါတီခေါင်းဆောင်အ ဖြစ်မှ နှုတ်ထွက်လိုက်ပြီ ''ဟု ကြေညာချက် ဘာဗေးရီးယန်းအစိုးရအား တစ်ပတ်ရိုက်ခဲ့ကြောင်း ကို သူထောင်ထဲမှ ထွက်လာသော အခါ သိရှိခဲ့ကြသည် ။ အဘယ်ကြော

င့်ဆိုရသော် သူထောင်ထဲမှ ထွက်လျှင်ထွက်ခြင်း ပါတီခေါင်းဆောင်မှု ကို ပြန်လည်ရယူခဲ့သော သာဓကက သက်သေခံနေခဲ့သည် ။ ထို့အပြင် ' 'အသစ်တဖန် ပြန်လည်၍ စတင်ခြင်း'' ခေါင်းစဉ်ဖြင့် နာဇီပါတီအတွင်း ႏ အကွဲကွဲအပြားပြား ဖြစ်နေသော ခေါင်းဆောင်မှုများ ၊ အသွင်မျိုးစုံသော အယူအဆများ အား ဖယ်ရှား၍ တစ်ခုတည်းသော ခေါင်းဆောင်မှုနှင့် တစ်ခုတည်းသော အယူအဆကို တည်ဆောက်ကြရန် ဝါဒဖြန့်လှုံ့ဆော် သည့် နာဇီပါတီ သတင်းစာခေါင်းကြီးပိုင်းက နေ၍ ရေး သားထင်ရှား စေခဲ့ခြင်း ဖြစ်၏ ။

ဟစ်တလာသည် ထောင်ထဲ၌ နေထိုင်ခဲ့စဉ်က ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ခင်မင် ရင်းနှီးခဲ့ရသည် ။ ထိုသူမှာ ပါမောက္ခဒေါက်တာဟော့ရှိုးဖားဆိုသူ ဖြစ်ပြီး ဘာဗေးရီးယန်း ပြည်တွင် စစ်ဗိုလ်ကြီးမေဂျာဂျင်နရယ်အ ဖြစ်ဖြ င့် စစ်မှုထမ်းခဲ့သော ပင်စင်စားတစ်ဦး ဖြစ် သည် ။ ငယ်စဉ်က ဂျပန်ပြ ည်သို့ အင်ပါယာစစ်တပ် နည်းစနစ်များ ကို စုံစမ်းလေ့လာရန် သွားရော က်ခဲ့ရပြီး ၁၉၀၂ ခုနှစ် တွင် မိမိ၏ နေရာထိုင်ခင်း လုံလောက်ရေး ဟူ သော ဂျာမနီပြည်အတွက် မိမိရည်ရွယ်ချက်တစ်ခုကို သဘောပေါက်သူ နှင့် ဟစ်တလာသည် ၁၉၂၃ ခုနှစ် တွင် မြူးနစ်မြို့ရှိ အကျဉ်းထောင်ထဲ တွေ့ ခဲ့ကြသည် ။ ဟစ်တလာကို စတင်မြင်လိုက်ရသော အချိန်တွင် တို င်းပြည်ပြုပြင်ရေး တွင် အရူးတစ်ယောက်ပမာ စိတ်အားထက်သန်နေ သော ဟစ်တလာအ ဖြစ် တွေ့ ဆုံခဲ့ရသည် ။ ဟစ်တလာ၏ စိတ်ဓါတ်ပြ င်းထန်မှုကို မြင်တွေ့ လိုက်ရသော ဟော့ရှိုးဖားသည် နောင်အခါတွင် တိုးတက်ကြီးပွားမည့် ဟစ်တလာအတွက် မိမိရည်ရွယ်ချက်သဘောပါ သည့် စာအုပ် စာတမ်းများ အား ရေး သားပြောပြဆွေးနွေးတတ်သည် ။ ဒေါက်တာဟော့ရှိုးဖားသည် ရည်ရွယ်ချက်ကင်းမဲ့လျက် ထောင်ထဲ အပို့ ခံလိုက်ရသော ဟစ်တလာကို ကမ္ဘာ့မြေပုံ များ နှင့် အင်ပါယာမြေပုံများ

အား မည် ကဲ့သို့ ပြုပြင်ပြောင်းလဲရန် သေချာကျနစွာ ရေး သားပြသခဲ့ လေသည် ။ ဟစ်တလာသည် ဒေါက်တာဟော့ရှိုးဖားနှင့် တွေ့ဆုံ လိုက်ရခြင်းမှာ သူ့ဘဝအတွက် အလှည့်အပြောင်းရောင်ခြည်တစ်စ ဖြစ်လာစေသည် ကတော့အမှန်။ ဒေါက်တာဟော့ရှိုးဖားသည် ဂျပန်၊ တရုတ်၊ ပြင်သစ်နှင့် ရုရှားဘာသာ များ ကို ကောင်းမွန်စွာ တတ်မြောက်ပြီး စာအုပ်စာတမ်းပေါင်း ၁၅၀၀ ကျော်အား ပြုစုရေး သားခဲ့သူ၊ ဆိုက်ဗေးရီးယားပြည်၊ တရုတ်ပြည်၊ ကိုရီးယားပြည်၊ အိန္ဒိယပြည်နှင့် တကွ ဥရောပနိုင်ငံများ အသီးသီးသို့ လှည့်လည်ခဲ့ဖူးသည် ။ မိမိကိုယ်တွေ့ခရီးများ ကို လည်း မှတ်တမ်းတင်စာအုပ်များ ရေး သားထုတ်ဝေခဲ့ဖူးသည် ။ ဟစ်တလာတို့ ထောင်ထဲ ရှိနေစဉ် အချိန်ကာလကပင် ဒေါက်တာဟော့ရှိုးဖားသည် ဟစ်တလာနှင့်အတူ ထောင်ကျ နေသော ဟက်စ်တို့အား သွန်သင်ဩဝါဒပေး ဆုံးမတတ်သည် ။ သူက ဟစ်တလာကို ဗိသုကာဟူ၍ ဘွဲ့ပေးပြီး ဟက်စ်ကိုမူ ဘုန်းကြီး ဖြစ်မည့်သူဟု ခေါ်ဝေါ်ပြောစမှတ်ပြုခဲ့၏ ။

ဟစ်တလာကလည်း ဒေါက်တာဟော့ရှိုးဖားရှိရာ ထောင်ထဲသို့ သွားရောက် တွေ့ဆုံဆွေးနွေးတတ်သည် ။ ဟော့ရှိုးဖား၏ သဘောထားကလည်း တိမ်မြုပ်နေသော ဂျာမနီကို ကမ္ဘာတွင် ဥရောပတိုက်နှင့်တကွ အရှေ့ဘက်နိုင်ငံတစ်လွှားရော၊ အမေရိကန် ပြည်များ ပေါ်တွင် ပါ ကြီးစိုးရန် အကြံအစည်ရှိသည် ။ ဥရောပတိုက်နှင့် ကမ္ဘာကြီးကို ဂျာမနီကြီးစိုးရန်မှာ အမေရိကန်တိုက်၊ ပစိဖိတ်သမုဒ္ဒရာကို ချယ်လှယ်နိုင်မှ ဖြစ်မည်ဟု ဟော့ရှိုးဖားက ယူဆခဲ့သည် ။ နာဇီပါတီ၏ ခေါင်းဆောင်တစ်ဦး ဖြစ်သော ဟစ်တလာနှင့် ထောင်ထဲ အကျဉ်းကျနေသော ပါမောက္ခဒေါက်တာဟော့ရှိုးဖားတို့ ၏ တွေ့ဆုံဆွေးနွေးမှု မှာ အစိုင်အခဲကြီးမားခဲ့ကြလေ၏ ။

ထို့ကြောင့်လည်း ၁၉၃၃ ခုနှစ် တွင် ဟစ်တလာ၏ အာဏာစက် ဂျာမနီပြည်၌ ထက်မြက်လာသော အခါ ဟော့ရှီးဖားကို အကျဉ်းထောင်မှ လွတ်စေခဲ့ သည် ။ ပြီးလျှင် ဟော့ရှီးဖားကို ငွေကြေးမြောက်များ စွာ ထောက်ပံ့ပေးကမ်းထားခဲ့သည် ။ ပါမောက္ခ ဒေါက်တာဟော့ရှီးဖား၏ အကြံဉာဏ်ဖြင့် ဒေသန္တရာပဏ္ဏကိဏအဖွဲ့ကြီးကို ဖွဲ့စည်းစေ ခဲ့သည် ။ ထိုအဖွဲ့ကြီးက ဂျာမနီပြည်ကြီး တိုးတက်ကြီးပွားစေရာတွင် ဂျာမနီတို့ အတွက် အရေး အကြီးဆုံးသော ရန်သူများ ၏ ခွန်အားတောင့်တင်းသည့် အချက်များ နှင့် ချို့ယွင်းညံ့ဖျင်းသော အချက်များ ကို အတွင်းကျကျ သိရှိရန် ဆောင်ရွက်ခဲ့သည် ။

သို့ မှ သာ တိုက်စစ်ဆင်သော အခါအောင်မြင် ထမြောက်မည် မဟုတ်ပါလော။ လက်တွေ့ အားဖြင့်လည်း ဥရောပစစ်ပွဲတွင် ဂျာမန်တို့ ခြေလှမ်းသည် အလွန် မှန်၍ တိတိကျကျ ရှိလှ၏ ။ ပိုလန်မှ အစ ဂရိကျွန်း အထိ လှမ်းပေါက်၍ လုပ်တိုင်းအောင်မြင်ခဲ့သည် ။ ဤသို့ ဖြင့် ဝါဒပြန့်ပွားရေး ၊ စီးပွားရေး ၊ တိုင်းရေး ပြည်ရေး တို့ ၌ ကြိုတင်စီမံချက်တို့ မှာ များ စွာပိရိ ဝင်ရောက်စေသည် ကား ဟော့ရှီးဖားကြီးမှူးသော ဒေသန္တရ ပကဏ္ဏိဏအဖွဲ့ကြီး၏ တာဝန်ဝတ္တရား ကျေပွန်ဆောင်ရွက်မှုကြီးကလည်း အခန်းတစ်ရပ် ပင် ဖြစ် တော့၏ ။

ဒေသန္တရပကိဏ္ဏကအဖွဲ့ကြီး၏ တာဝန်နှင့်ဝတ္တရားဆောင်ရွက်မှုတို့ မှာ ယူနီဗာ စီတီများ နှင့် လောကဓါတ်ရုံများ မှ စီးပွားကျွမ်းကျင်သူများ နက္ခတ်၊ ပထဝီစသဖြင့် အသီးသီးတတ်ကျွမ်းနားလည်သူတို့ အား မိမိ၏ အဖွဲ့ကြီးသို့ ခေါ်ယူသွတ်သွင်းစေ၍ နိုင်ငံရပ်ခြားများ မှ ရရှိခဲ့သော အခြေအနေအကြောင်းအချက်များ ကို သေချာစွာ ဝေဖန်စစ် ဆေးကြည့်ရှုစေသည် ။ စစ်ဆေးပြီး အချက်အလက်အမှန်တို့ ကို ဟော့ရှီးဖားက '' ကမ္ဘာကြီး ၏ စာရင်းအစစ်မှတ်တမ်း''အမည် ရှိစာအုပ်ကြီးထဲတွင် ဆိုင်

ရာဆိုင်ရာအခန်းကဏ္ဍဖြင့် ထည့်သွင်းရိုက်နှိပ်ထားခဲ့သည် ။

ထိုစာအုပ်ကြီးထဲတွင် ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့ ၏ အနေအထိုင်၊ စစ်ရေး စစ်ရာ၊ စီးပွားရေး အခြေအနေနှင့်တကွ အတန်းအစားများ ကို သေချာကျနစွာ ခွဲခြားစာရင်း ပြုလုပ်ထားလေသည် ။ ဥပမာအားဖြင့် တရုတ်ပြည်တွင် ကျရောက်မည့် အစာငတ်မွတ် ခေါင်းပါးခြင်းဘေး၊ အာဂျင်တီးနားပြည်၌ တိုင်းရေး ပြည်ရေး ပါတီသစ်တစ်ခုဖွဲ့စည်းပြီးခြင်း၊ ပနားမားပြည်သူပြည်သားများ ၏ ဘာသာရေး အယူဝါဒသည်းခြင်း၊ နယူးယောက်မြို့မှာ အကျင့်စာရိတ္တဖောက်ပြားပျက်စီးနေသော အကောက်အရာရှိတစ်ယောက် စသဖြင့် မိမိတို့ ၏ နယ်ချဲ့ခြင်းအတွက် သက်ဆိုင်မည် ထင်ရသော အကြောင်းအရာများ စွာ ပါရှိလေသည် ။

ထိုမှန်ကန်သော ကမ္ဘာ့အကြောင်းအရာအချက်အလက်များ ကို ဝေဖန် ကြည့်ရှု၍ ဟစ်တလာ၏ ဘတ်တော် သားများ ဖြစ်ကြသော ဟင်းမလား၊ ဂိုဘယ်လ် နှင့် ရစ်ဘင်ထရော့စသည့် တာဝန်ခံပုဂ္ဂိုလ်များ သည် မိမိတို့ နှင့် သက်ဆိုင်ရာ ဂျာမနီပြည် ကြီးအတွက် ကြီးပွားရာကြီးပွားကြောင်း ဝတ္တရားများ အား ဆောင်ရွက်ရပေမည် ။ ထိုသို့ ဖြင့် တိုင်းပြည်အား မည် သို့ မည် ပုံ တိုက်ခိုက်အောင်မြင်ရန် နည်းလမ်းများ နှင့်တကွ ဟစ်တလာ ကို ထောက်ခံချက်အနည်းငယ်ဖြင့် ပေးအပ်လိုက်သည် ။ ဟစ်တလာကလည်း ထိုနည်း အတိုင်းပင် စစ်အမိန့်ထုတ်ပြန်လိုက်သော အခါ၌ မူ ဂျာမနီတို့ သည် အလွယ်တကူနှင့် ရန်သူတိုင်းပြည်ကို အောင်မြင် နှိမ်နင်းနိုင်ခဲ့လေသည် ။

***